
# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

## ပါတီစည်းရုံးရေးစာစဉ်

ဖေဖော်ဝါရီ၊ ၂၀၂၄



# ““စစ်၃စစ်အလိုမရှိ””

## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးအမြင်သဘောထား

(၂၊ ၂၊ ၂၀၂၄)

၂၀၂၄၊ ဖေဖော်ဝါရီ၊ ၁ ရက်မှာ စစ်အုပ်စုရဲ့ အဆင်ခြင်မဲ့မဲ့ အာဏာသိမ်းမှု ၃ နှစ်ပြည့်တယ်။ စစ်အာဏာသိမ်းမှုနဲ့အတူ နောက်ဆက်တွဲ သတ်ဖြတ်မှုတွေ ရာဇဝတ်မှုတွေ မကြုံဖူး၊ မကြားဖူး လောက်အောင် ကျူးလွန်ခဲ့တာ ဒီ ၃ နှစ်လုံးလုံး ဖြစ်တယ်။

ရှေ့ရှေ့က ကောင်တွေ အာဏာသိမ်းကြ၊ သတ်ကြ ရမ်းကြလို့ ပြေလည်ခဲ့သလို ‘ငါတို့လည်း ပြေလည်မှာပဲ’လို့ တထစ်ချ မိုက်ရူးရဲဉာဏ်နဲ့ ကျူးလွန်ခဲ့မှုဟာ သူ့ရှူးသူပတ်လို့ အခုတော့ မရှုနိုင်မကယ်နိုင် ဖြစ်နေပြီ။ သပ်လျှိုဖြိုခွဲ စေ့စပ်ရေး ဆေးမြီးတိုလည်း မကယ်နိုင်။ ရွေးကောက်ပွဲ ဆိုတာကလည်း မလုပ်ခင်က ပျက်နှင့်နေပြီ။ ပြည်သူလူထုကို အစွမ်းကုန် ဖိနှိပ်၊ သတ်ဖြတ်၊ ရွာလုံးကျွတ် မီးရှို့။ အခုဆို မြို့ကြီးတွေပေါ်ပါ ဗုံးမိုး ရွာချနေတယ်။ လူမျိုးပေါင်းစုံ ဗမာပြည်သူတွေရဲ့ လက်တွေ့က သတ်လွှန်း၊ ဖိလွန်း၊ နှိပ်စက်လွန်းမက ဆိုးသည်ထက် ဆိုးလာတဲ့အခါ ‘ကြောက်တယ်’ ဆိုတာထက် ရှေ့ကို အများကြီး ပိုရောက်သွားခဲ့ပြီ။ ကြောက်ရတဲ့အရာကို လုံးလုံးမရှိတော့တဲ့အထိ တုန့်ပြန်ချေမှုန်းဖို့ အားထုတ် ရုန်းကန်ကြတဲ့အဆင့် ဖြစ်သွားပြီ။

၂၀၂၁ – လူထုအုံကြွမှုဟာ နိုင်ငံရေးအမြင်အသိ ရှေ့တန်းရောက်နေတဲ့ အလွှာတခုခုက ဦးဆောင်ဆင်နွှဲတာ မဟုတ်။ လူမျိုးစုံပြည်သူလူထုကြီးကိုယ်တိုင် ရုန်းထ အာခံလာတာဖြစ်တယ်။ မျက်နှာဖုံးစွပ် အရေခြုံ အသွင်ယူထားတဲ့ အစိုးရတရပ်ကို ဆန့်ကျင်တာ မဟုတ်၊ အာဏာသိမ်းစစ်အုပ်စု (စစ်အာဏာရှင်စနစ်)ကို တိုက်ရိုက်တည့်တည့် တိုက်ခိုက်ဖို့ အားထုတ်တာဖြစ်တယ်။ အဲ့ဒီ ပကတိ အခြေအနေကို လုံးလုံး မရိပ်မိလောက်အောင် သေမင်းငင် စစ်အုပ်စုဟာ အသိတရား စုံလုံးကန်းနေခဲ့တယ်။ အခု သူဖော်တဲ့ဆေးမှာ သူ့ဖာသာ အဆိပ်သင့်ပြီ။ လူမျိုးပေါင်းစုံပြည်သူတွေရဲ့ ခုခံစစ်ကို နဖူးနဲ့ ဒူးနဲ့ ထိပ်တိုက်တွေ့တော့ ဟန်ကိုယ့်ဖို့လောက်တောင် မလုပ်နိုင်။ ၁၀၂၇ ညီနောင်တွေကို ၁ နာရီတည်း အပစ်ရပ်ရ ရပ်ရ ဆိုတာလို အသည်းအသန် ဝယ်ဖို့ကြိုးစားနေရတယ်။ ဘုံသဘောတူညီချက် ၅ ရပ်ဆိုတာ ‘ဖုတ်လေတဲ့ငါးပိ’ လောက်မှ အဖက်မလုပ်ရာကနေ အခုတော့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်း အဝေး အမီ အပြေးအလွှား ခစားဒူးတုပ်နေကြရပြီ။ ဉုံဖွမန်း၊ ဂါထာစုပ်တဲ့ အောက်လမ်းနည်းတွေကလည်း ကယ်နိုင်ဖို့ မရှိပါဘူး။ ဘုရားကု ကုလို့တောင် နာလန်ထဖို့ မဖြစ်နိုင်ပါဘူး။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၃၁ ရက်နေ့က ကာ/လုံ ခေါ်ပြီး အရှက်မဲ့စွာ သက်တမ်းတိုးလိုက်ပြန်ပြီ။ သက်တမ်းတိုးရုံမကဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးပြီး အာဏာ ကလဖန်ထိုးဦးမလား။ ဉာဏ်နီဉာဏ်နက်တွေ ဘယ် လောက်သုံးသုံး ဆေး လုံးလုံး မတိုးနိုင်တော့ဘူး။

စစ်အုပ်စုက ပြည်သူ့ရန်သူပီပီ တော်လှန်တပ်တွေက မြို့တွေကိုသိမ်းရင် မြို့လူထုကို ဗုံးကြဲသတ်ဖြတ် တန်ပြန်တယ်။ စီးပွားရေး၊ စီမံအုပ်ချုပ်ရေး၊ ပြည်သူ့ဝန်ဆောင်လုပ်ငန်း စတာတွေ ပျက်စီးအောင် ထူထောင်မရအောင် အကောက်ဉာဏ်သုံးတယ်။ တဖက်က 'ပြည်သူတွေ ဒုက္ခရောက်လှပြီ၊ ၂ ဘက်လုံး တော်ကြပါတော့' စသည်ဖြင့် မြေဇာပင် ၀ိုချင်းတွေလွှင့်ထုတ်ပြီး တော်လှန်ရေးနဲ့ ပြည်သူအကြား သပ်လျိုတယ်။ အခု ဒီဆေးခါးကြီးလည်း ဒိတ်အောက်သွားပြီ။ တော်လှန်ရေးနဲ့ ပြည်သူအကြား ခိုင်ခိုင်မာမာ နားလည်ယုံကြည်မှု တည်ဆောက်နိုင်ရင် အဲ့ဒီ မြေလှန်ရှင်း ယုတ်ညံ့မှုကို အားလုံးတူတူ နည်းလမ်းရှာပြီး ကျော်နိုင်တယ်ဆိုတာ တိုက်ပွဲလက်တွေ့က သင်ကြားပေးနေတယ်။

နွေဦးဟာ ပြည်သူ့တော်လှန်ရေး၊ ပြည်သူ့ခုခံစစ် ဖြစ်တယ် ဆိုတဲ့အချက်က နိုင်ငံရေးအရ ဗမာပြည်တော်လှန်ရေးဟာ ရှေ့ကို တဆင့်တက်ခဲ့ပြီဆိုတာ ဖေါ်ပြနေတယ်။ အကျိုးစီးပွား ကွာဟတဲ့အပေါ် အခွင့်ကောင်းယူ၊ သပ်လျှိုဖြိုခွဲတဲ့နည်းနဲ့လည်း တော်လှန်အင်အားတွေ ချိနဲ့အောင် လုပ်လို့မရတော့ဘူး။ ပြည်ထောင်စုပြိုကွဲမယ် ဆိုတဲ့ ဒေဝေါကြီးနဲ့လည်း လှန့်လို့မရတော့ဘူး။ အာဏာအရိုးအရင်း ဖဲ့ပေး သွေးဆောင်တဲ့နောက်ကိုလည်း ဘယ်သူမှ အမြီးနှန့် လိုက်ရဲလိမ့်မယ်မဟုတ်ဘူး။ စစ်အာဏာရှင်စနစ် သုတ်သင်ရေးဆိုတဲ့ ဘုံဝင်ရိုးကို စစ်အုပ်စုကိုယ်တိုင်က တော်လှန်ရေးဘီးမှာ ကျကျနနတပ်ပေးမိတာ ဖြစ်တယ်။

နွေဦးတော်လှန်ရေး ၃ နှစ်တာကာလမှာ လူမျိုးစုံပြည်သူလူထုကြီးနဲ့အတူ၊ မိတ်ဆွေ တော်လှန်ရေးအင်အားစုတွေနဲ့ အတူ တိုက်ပွဲထဲမှာဖြတ်သန်းရင်း ပါတီက တော်လှန်တဲ့လူထုကြီးရဲ့ သဘောထားအနှစ်ချုပ်ကို ခြုံငုံမိလာတယ်။

၁။ စစ်အုပ်စုဟာ စစ်တပ်ဟာ နိုင်ငံတော်ကို၊ ပြည်ထောင်စုကို၊ လူမျိုးစုံပြည်သူလူထုကြီးကို အကြိမ်ကြိမ် သစ္စာဖောက်ခဲ့တယ်။ ဒါ့ကြောင့် အနာဂတ်နိုင်ငံတော်ရဲ့ နိုင်ငံရေးအခန်းကဏ္ဍမှာ စစ်အုပ်စုအတွက် ဘယ်တနေရာမှ ပါခွင့်မရှိ။

၂။ ၂၀၀၈ ခြေဥနဲ့ သူ့အောက်က အစီအမံအားလုံး (NCA အပါအဝင်) စစ်အာဏာသိမ်းတဲ့နေ့ (၁၊ ၂၊ ၂၀၂၁) က စပြီး အလုံးစုံ ပျက်သွားပြီ၊ ၂၀၀၈ အောက် ပြန်ရောက်မယ့် ဘယ်နိုင်ငံရေး အခင်းအကျင်း အစီအမံကိုမှ လူမျိုးပေါင်းစုံပြည်သူတွေက လက်မခံတော့။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို သေသေချာချာ အာမခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲ ပြဋ္ဌာန်းရမယ်။ အဲ့ဒီ ဖွဲ့စည်းပုံအသစ်အရ ကျင်းပတဲ့ ရွေးကောက်ပွဲကိုသာ အသိအမှတ်ပြုမယ်။

၃။ စစ်တပ်/ စစ်အုပ်စုဟာ ကြားကာလ စီမံအုပ်ချုပ်မှုကို ကမကထပြုခွင့် မရှိ။ စစ်တပ်/စစ်အုပ်စု မပါတဲ့ ကြားကာလ စီမံအုပ်ချုပ်ရေး ဖြစ်ရမယ်။

ဒါဟာ တိုက်ပွဲဝင် တော်လှန်အင်အားစုအသီးသီးရဲ့ ယေဘုယျ တူညီတဲ့ ဘုံသဘောထားလို့ ချုပ်ယူနိုင်တယ်။ တိုက်ပွဲရဲ့ သင်ပြမှုကြောင့် တော်လှန်အင်အားစုအချင်းချင်းအကြား ဘုံအကျိုးစီးပွားကို ရှေ့ရှုပြီး နားလည်မှုရှိရှိ အဖြေရှာကြဖို့ ပိုပြီး အလေးထား အားထုတ်လာကြတယ်။ အထူးသဖြင့် လူမျိုးပေါင်းစုံ မျိုးဆက်သစ်တွေဟာ ပြည်သူ့ရန်သူ စစ်အာဏာရှင်စနစ်ကို သုတ်သင်နိုင်ရေးဟာ ပထမဦးစားပေးအဖြစ် စွဲမြဲလာတာ မြင်နိုင်တယ်။

တော်လှန်အင်အားစုတွေအကြား တခြားကွဲလွဲမှုတွေ ရှိနေသေးတာမှန်ပေမယ့် အထက်က

သဘောထားမှာ အင်အားစုအားလုံးနီးပါး တူကြတယ်။

နွေဦးရဲ့တပ်ဦး တပ်ပေါင်းစုကြီးတရပ် မစုဖွဲ့နိုင်သေးပေမယ့် တိုက်ပွဲလက်တွေ့အရ တော်လှန်အင်အားစုတွေဟာ ဘုံရန်သူကို တစုတစည်းထည်း ချောင်ပိတ်သုတ်သင်နိုင်ဖို့ ခွင့်သာခိုက်မှာ နည်းလမ်းပေါင်းစုံ စပ်ဟပ် ရှာဖွေရင်း တဖြည်းဖြည်းချင်း ရှေ့ကို တိုးလာကြတယ်။ တော်လှန်ရေးရဲ့ မရှိရာက ရှိရာဆီ တိုးတက် ဖြစ်ထွန်းတဲ့သဘောပဲ။ ဒါ့ကြောင့် အလိုမရှိဆိုတာ ကြွေးကြော်သံသက်သက် မဟုတ်၊ သီချင်းစာသား သက်သက်မဟုတ်။ စစ် ၃ စစ်နဲ့ ပတ်သက်ရင် လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးရဲ့ ပြတ်သားတဲ့ တိုက်ပွဲရပ်တည်ချက် ဖြစ်တယ်လို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ သဘောထားအမြင်ကို တင်ပြအပ်ပါတယ်။

**ဗဟိုဦးဆောင်ကော်မတီ**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(ဌာနချုပ်)**
၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁) ရက်။

## ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ(ရတကသ) ၉၃ နှစ်ပြည့် ရန်ပုံငွေပွဲတွင် DPNS ဥက္ကဋ္ဌ ဦးအောင်မိုးဇော် အမှတ်တရစကားပြော

၂၀၂၄၊ ဖေဖော်ဝါရီ ၃ ရက်နေ့မှာ ပြုလုပ်တဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ(ဗကသများအဖွဲ့ချုပ်) တည်ထောင်ခြင်း ၉၃ နှစ်ပြည့် အထိမ်းအမှတ် ရန်ပုံငွေပွဲတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးအောင်မိုးဇော် အမှတ်တရစကား ပြောကြားခဲ့ပါတယ်။

တော်လှန်ရေးမှာ ပါဝင်နေတဲ့ အဖွဲ့အစည်းတခုဖြစ်တဲ့ ရတကသရဲ့ ရန်ပုံငွေလိုအပ်ချက်ကြောင့် ဒီပွဲကို စီစဉ်ရတာဖြစ်ပြီး ရရှိတဲ့ ရန်ပုံငွေတွေကို တော်လှန်ရေးအတွက် လိုအပ်တဲ့နေရာတွေနဲ့ မြေပြင်ကရဲဘော်တွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ ရည်ရွယ်ကြောင်းလည်း သိရပါတယ်။

၁၉၂၀ မှာ တည်ထောင်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ဟာ ၁၀၃ နှစ် ပြည့်ခဲ့ပြီဖြစ်သလို ၁၉၃၁ ခုနှစ်မှာ တည်ထောင်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂဟာလည်း ဇန်နဝါရီလ ၃၁ ရက်နေ့က ၉၃ နှစ် ပြည့်ခဲ့ပါတယ်။





## “ဇေ”

နတ်ပြည်နတ်ရွာ
ရောက်လိုပါကြောင်း၊ သူဆုတောင်းလည်း
ကောင်းချီးသြဘာ၊ ပေးလိုက်ပါဘိ
မနာလိုမဖြစ်နဲ့ သူငယ်ချင်း။

နတ်ပြည်မက၊ ဗြဟ္မာ့ဘုံသာ
ရောက်လိုပါကြောင်း၊ သူဆုတောင်းလည်း
ကောင်းချီးသြဘာ၊ ပေးလိုက်ပါဘိ
မနာလိုမဖြစ်နဲ့ သူငယ်ချင်း။

ဗြဟ္မာပြည်မက
ဗုဒ္ဓသွားရာ၊ သောင်ခေမာသို့
ရောက်လိုပါကြောင်း၊ သူဆုတောင်းလည်း
ကောင်းချီးသြဘာ၊ ပေးလိုက်ပါဘိ
မနာလိုမဖြစ်နဲ့ သူငယ်ချင်း။

နတ်ပြည်မက
ဗြဟ္မာ့ပြည်မက
ဗုဒ္ဓထံမှောက်၊ နိဗ္ဗာန်ရောက်ရောက်
သူရောက်ချင်ရာ၊ ရောက်စမ်းပါစေ
ငါတို့လူ့ပြည်၊ သူမနေလျှင်
‘‘ဇေ’’ပဲမဟုတ်လား သူငယ်ချင်း။

**တက္ကသိုလ်မင်းမော်**
(၁၉၇၇ ခုနှစ်၊ မိုးဝေမဂ္ဂဇင်း၊ ရာပြည့်)

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဒ္ဓနချုပ်)**

**DEMOCRATIC PARTY FOR A NEW SOCIETY(DPNS)**

## စစ်ဘီလူးရဲ့ သွေးရူးသွေးတမ်းလုပ်ရပ်များနဲ့ ပတ်သက်၍ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးအမြင်သဘောထား (၃/ ၂၀၂၄)

၁၀၊ ၂၊ ၂၀၂၄ ရက်နေ့မှာ (ရှိနှင့်ပြီးသား) စစ်မှုမထမ်းမနေရဥပဒေကို အသက်သွင်းမယ်ရယ်လို့ ဗိုလ်သန်းရွှေရဲ့ အမှိုက်ပုံထဲက ဉာဏ်နီဉာဏ်နက်ဟောင်းကို ဖုန်ခါထုတ်လို့ အာဏာသိမ်းစစ်အုပ်စုက ဂယောင်ဂတမ်းထ ကြေညာပါတယ်။ ပြောချင်ရာ ပရမ်းပတာပြောခွင့်ရထားတဲ့ ဗိုလ်ဇော်မဲလုံးကလည်း ငါးဖယ်ကပြောင်းပြန် ဆိုတာမျိုး အိုးပြောချိုးပြောတွေ ထွက်ပြောတယ်။ ၁၃၊ ၂၊ ၂၀၂၄ ရက်နေ့မှာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းကြောင်း ကြေညာတယ်။

၁၁၊ ၂၊ ၂၀၂၄ ရက်နေ့ကတည်းက ရန်ကုန်မြို့ အများသူငါ သွားလာနေတဲ့ လမ်းလယ်ခေါင် လူမြင်ကွင်းမှာ လူငယ်တွေကို အတင်း ဆွဲရမ်းဖမ်းဆီးတာ၊ ည ကိုယ့်အိမ်မှာကိုယ် အိပ်နေတဲ့ လူငယ်တွေ တံခါးလာခေါက်ပြီး ဆွဲချ ဖမ်းသွားတာ စတဲ့သတင်းတွေ ကြားလာရတယ်။ နယ်တွေမှာလည်း ပေါ်တာဆွဲတာလိုလို ဖမ်းတာလိုလိုတွေ လုပ်လာတယ်။ ဖမ်းထားတဲ့လူငယ်တွေကို  သိန်းနှစ်ဆယ်နဲ့ ရွေးခိုင်းတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်လာတယ်။

ပထမဆုံးပေးချင်တဲ့ မှတ်ချက်ကတော့ အာဏာသိမ်းစစ်အုပ်စုဟာ တရားမဝင်ဘူး။ ဥပဒေအကြောင်းအရာတွေ ပြောဆို ပြုမူခွင့် သူ့မှာ လုံးဝ မရှိဘူးဆိုတဲ့ အချက်ပဲ။ သူတို့ကိုယ်တိုင် အာဏာသိမ်းလိုက်လို့ ပျက်သွားပြီးဖြစ်နေတဲ့ ၂၀၀၈ ခြေဥထဲကဟာတွေကို ညွှန်းနေတာဖြစ်ပြန်တော့ နှစ်ထပ်ကွမ်း တရားမဝင်လို့တောင် ဆိုနိုင်တယ်။ ဇော်မဲလုံး အပြောကလည်း ပြည်သူတွေက စစ်မှုထမ်းပြီး ကူကြရမယ်ဆိုတော့ ပြည်သူတွေက ကိုယ့်ကိုယ်ကို ပြန်သတ်တဲ့နည်းနဲ့ ကူညီကြပါလို့ တောင်းဆိုတာဖြစ်နေတယ်။ ပြည်သူတွေကို သတ်ဖြတ်နေတဲ့ အကြမ်းဖက်စစ်တပ်က တည်ငြိမ်အေးချမ်းဖို့ ပြောဆိုနေတာကလည်း အရှက်မဲ့တဲ့ ပြောဆိုချက်သာဖြစ်ပါတယ်။

တကယ်က အာဏာသိမ်းစစ်အုပ်စုဟာ လူမျိုးစုံပြည်သူတွေနဲ့ သူတို့ကြားမှာ စစ်ဖြစ်နေတာ ဆိုတဲ့အကြောင်း သူတို့ဖာသာ သိပြီးသားပါ။ သူ့ရန်သူဖြစ်နေတဲ့ ပြည်သူတွေကို သူ့တပ်ထဲ တကယ်မသွင်းရဲပါဘူး။ စစ်ပညာသင်ပေးဖို့၊ လက်နက်တပ်ဆင်ပေးဖို့ သေရမလောက်ကြောက်တာပါ။ တိကျခိုင်မာတဲ့ စီမံချက်

ဆန်တဲ့ ဘာပြင်ဆင်ထားမှုမှမရှိဘဲ အလွတ်တမ်း ပရမ်းပတာပြောဆိုနေတာ ဖြစ်ပါတယ်။ လူသစ် ဘယ်နှဦး အတွက် နေရာ၊ ရိက္ခာ ဘယ်နှနှစ်စာ ပြင်ထားတယ် ဆိုတာမျိုး၊ သင်တန်းအစီအစဉ်၊ လက်နက်တပ်ဆင်ရေး၊ ယူနီဖောင်း စတာတွေ ပြင်ဆင်ထားတာမျိုး ရေရေရာရာ တိတိကျကျ ဘာမှမရှိပါဘူး။

သူတို့ရဲ့ စီမံချက်က လူဖမ်းခွင့်လိုင်စင်နဲ့ ငွေညှစ် ပြန်ပေးဆွဲ ဓားပြတိုက်ရေး စီမံချက်ပါ။ စစ်အုပ်စုဟာ ခပ်တည်တည် အာဏာသိမ်းထားပေမယ့် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စည်းရုံးရေး ဘာစွမ်းဆောင်ရည်မှ မရှိ၊ ဟုတ်ဟုတ်ငြားငြား ဖြစ်မြောက်အောင် လုပ်နိုင်တာမရှိ။ မိုက်ရိုင်းရမ်းကားတာနဲ့ ဗိုလ်ကျ အနိုင်ကျင့်တာက လွဲရင် ဘာဆိုဘာမှ မလုပ်နိုင်။ ဒါ့ကြောင့်လည်း အခုဆို တပ်ရင်းလိုက် လက်နက်ချတာတွေ၊ ပြည်သူ့စစ်တွေအဖွဲ့လိုက် ပျောက်သွားတာတွေ ဖြစ်လာတယ်။ ကြာရင် သူ့လက်ပါးစေ ပါးကွက်သား အုပ်စုတွေကတောင် သူ့ဝင်းခြံရဲ့ နောက်ဖေးတံခါးကို တော်လှန်ရေးတပ်တွေ ဝင်နိုင်ဖို့ ဖွင့်ပေးကြတဲ့အခြေဆိုက်လောက်တယ်။ ဒါ့ကြောင့်မို့ သူ့ဝင်းခြံစောင့် ပါးကွက်သားတသိုက်အတွက် လူဖမ်းခွင့်လိုင်စင်နဲ့ ဓားပြလုပ်စားကြဖို့ ခွင်(ဂွင်) ဖန်တီးတာပဲ။ ဒါတင်မက နွေဦးတော်လှန်ရေးမှာ ထုနဲ့ထည်နဲ့ ရှေ့တန်းက ပါဝင်နေကြတဲ့ လူငယ်နဲ့ လူလတ်ပိုင်းမျိုးဆက်ကို အစီအစဉ်ရှိရှိ အာဃာတကြီးကြီးနဲ့ ပစ်မှတ်ထား ဖိနှိပ်တဲ့သဘော တပါတည်း ရှင်းရှင်းကြီး တွေ့နိုင်တယ်။

ချုပ်ရရင် (၁) လုပ်ခွင့်မရှိသူရဲ့ တရားမဝင်လုပ်ရပ် (၂) လူထုကို နှိပ်စက် ခြိမ်းခြောက်ဓားပြတိုက်မယ့် လုပ်ရပ် (၃) မတည်ငြိမ်မှုတွေ ဆိုးဆိုးဝါးဝါး ပြင်းထန်လာစေမယ့်လုပ်ရပ် (၄) သွေးရူးသွေးတမ်း ဖြစ်နေတဲ့ စစ်အုပ်စုရဲ့ တိုင်းပြည်ကို မြေလှန်ဖျက်ဆီးဖို့ ခြေလှမ်းပြင်တဲ့ လုပ်ရပ်တွေသာ ဖြစ်ပါတယ်။

မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ ဒီလို ယုတ်ညံ့ပက်စက်တဲ့ စစ်အုပ်စုရဲ့လုပ်ရပ်ကို အပြင်းအထန် ကန့်ကွက်ရှုတ်ချပါတယ်။ ဒီယုတ်မာပက်စက်မှုကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာသမျှ ဆိုးကျိုးအားလုံးအတွက် စစ်အုပ်စုရဲ့ အမိန့်ပေးမောင်းနှင်နေသူ ထိပ်သီးတွေဟာ အဓိက တာဝန်အရှိဆုံး သူတွေအဖြစ် တာဝန်ခံရပါလိမ့်မယ်။ ပြည်တွင်း ပြည်ပမှာရှိတဲ့ နွေဦးတော်လှန်ရေးဘက်တော်သားများ၊ တရားမျှတမှုလိုလားသူများ အားလုံးကလည်း မိမိတို့ ဖြစ်နိုင်ခြေရှိသမျှ နည်းလမ်းစုံ သုံးပြီး ဆန့်ကျင်ကြဖို့၊ စစ်အုပ်စုရဲ့ ခြေလှမ်းယုတ်ကို ရိုက်ချိုးနိုင်ရေး ဝိုင်းဝန်းအားထုတ်ကြဖို့ ဆော်ဩတိုက်တွန်းအပ်ပါတယ်။ မိမိတို့ပါတီအနေနဲ့ ပစ်မှတ်ထား ဖိနှိပ်ခံကြရမယ့် လူငယ်နဲ့ လူလတ်ပိုင်းမျိုးဆက်တွေကို ကာကွယ်ဖို့၊ ကူညီဖို့ ကြိုးစားတဲ့ မိတ်ဆွေအင်အားစုတွေနဲ့အတူ အစွမ်းရှိသ၍ လက်တွဲပူးပေါင်း ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း မိမိတို့ပါတီရဲ့ သဘောထားကို တင်ပြအပ်ပါတယ်။

ဗဟိုဦးဆောင်ကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၄ ရက်။




# ၇၇ နှစ်မြောက် ပင်လုံစာချုပ်နေ့

စောဝင်း

အခု ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်ဆိုရင် အဲ့ဒီနေ့ကို ပြည်ထောင်စုနေ့အဖြစ် ခပ်တည်တည် ခေါ်ဝေါ်သမုတ်ခဲ့ကြ၊ အထိမ်းအမှတ် အခမ်းအနားတွေ လုပ်ကြ စသည်ဖြင့် လုပ်ခဲ့တာ ၇၇ နှစ်တိုင်ပြီ ဖြစ်တယ်။

တကယ်က ဗြိတိသျှကိုလိုနီဟောင်း ၄ ခု (ကိုလိုနီပြုခံ – ဗမာ၊ ရှမ်း၊ ကချင်၊ ချင်း) တို့ဟာ အတူတူတွဲပြီး လွတ်လပ်ရေးယူကြမယ်၊ အတူတူ ပြည်ထောင်စုတရပ် ထူထောင်ကြမယ်လို့ သဘောတူကြပြီး အဲ့ဒီလို ထူထောင်ကြရင် ဘာတွေ၊ ဘယ်လိုစီမံကြမယ်ဆိုတာ ၁၉၄၇၊ ဖေဖော်ဝါရီ ၁၂ ရက်မှာ ရှမ်းပြည်– ပန်လုံ(ပင်လုံ) မှာ လက်မှတ်ထိုးကြတဲ့နေ့ပဲ ဖြစ်တယ်။ အဲ့ဒီရှေ့မှာ ၁၉၄၆၊ မတ် ၂၀ ကနေ ၂၆ အထိ ပန်လုံမှာပဲ ဒီ ဗြိတိသျှကိုလိုနီဟောင်း ၄ ခုရဲ့ ကိုယ်စားလှယ်များ တွေ့ကြ ညှိနှိုင်းကြ နားလည်မှု ရယူခဲ့ကြတာတွေ ရှိပါသေးတယ်။

နောက် ၁၉၄၇၊ ဖေဖော်ဝါရီ ၁ ရက်မှာ ကွတ်ခိုင်မှာလုပ်ခဲ့တဲ့ ကချင်ခေါင်းဆောင်များရဲ့ အစည်းအဝေးဆုံးဖြတ်ချက်တွေ၊ ဖေဖော်ဝါရီ ၆–၇ ရက်တွေက ပန်လုံမှာပဲလုပ်ခဲ့တဲ့ ရှမ်း–ကချင် ခေါင်းဆောင်တွေရဲ့ အစည်းအဝေးဆုံးဖြတ်ချက်တွေ၊ ဖေဖော်ဝါရီ ၁၀ ရက် ပန်လုံညီလာခံအဖွင့်မှာ ဗမာကိုယ်စားလှယ်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဖွင့်မိန့်ခွန်းစကားနဲ့ ကချင်ခေါင်းဆောင်တွေရဲ့ သဘောထားများအပေါ် တုန့်ပြန်ချက်တွေ အားလုံးဟာ (၁၂၊ ၂၊ ၁၉၄၇) ပန်လုံစာချုပ်ရဲ့ အနှစ်သာရလို့ ဆိုရမယ်လို့ ယူဆတယ်။

၁၂၊ ၂၊ ၁၉၄၇။ ဗြိတိသျှကိုလိုနီဟောင်း ၄ ခုရဲ့ နိုင်ငံရေးခေါင်းဆောင် ကိုယ်စားလှယ်တွေ လက်မှတ်ထိုး၊ သဘောတူခဲ့တဲ့ ပန်လုံစာချုပ်ဟာ အထက်က ဆွေးနွေးရရှိချက်တွေ၊ သဘောထားတွေ၊ အနှစ်သာရတွေကို ဘယ်လို စီမံခန့်ခွဲ အကောင်အထည်ဖော်မယ်ဆိုတဲ့ အချက်များသာဖြစ်တယ်။ ဒါ့ကြောင့် (၁၂၊ ၂၊ ၁၉၄၇) ဟာ ပြည်ထောင်စုနေ့အစား ပန်လုံ(ပင်လုံ) စာချုပ်နေ့ပဲ ဖြစ်ထိုက်တယ်။ အကြောင်းက

လွတ်လပ်ရေး အတူတူယူကြမယ်၊ ပြည်ထောင်စု အတူတူထူထောင်ကြမယ်လို့ ရှေ့ရှေ့က ယုံကြည် သဘောညီခဲ့ကြ၊ တူတူ မျှော်ရည် အိပ်မက်ခဲ့ကြတဲ့ ပြည်ထောင်စုနိုင်ငံတော်ဆိုတာ ဘယ်တုန်းခါကမှ လက်တွေ့ မပေါ်ပေါက်ခဲ့၊ အောင်မြင်အောင် မထူထောင်နိုင်ခဲ့လို့ပဲ။

ပန်လုံစာချုပ်က ညွှန်းဆိုတဲ့ ပြည်ထောင်စုဆိုတာ သီးခြား အမျိုးသားနိုင်ငံတော်တွေ ဖြစ်ခွင့်ရှိတဲ့ ကိုလိုနီဟောင်း ၄ ခုဟာ အတူတူ လွတ်လပ်ရေးယူမယ်၊ တန်းတူတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့၊ ဒီမိုကရေစီ အခွင့်အရေးရှိတဲ့၊ ခွဲထွက်ပိုင်ခွင့်ကို အသိအမှတ်ပြုထားတဲ့ ပြည်ထောင်တွေချင်းချင်း စိတ်တူသဘောတူ အကျိုးတူ စုစည်းထားတဲ့ ပြည်ထောင်စုထူထောင်ကြမယ်လို့ အနှစ်သာရအားဖြင့် တိတိကျကျကြီး အဓိပ္ပာယ်ရတယ်။

၁၉၄၇ – ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံကြရပြီးနောက်ပိုင်း တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုလိုက်တဲ့ အခြေခံဥပဒေဟာ အထက်ကအနှစ်သာရတွေအပေါ် အခြေခံထားတဲ့ ဗိုလ်ချုပ် အောင်ဆန်းရဲ့ လမ်းညွှန်မှု (၇) ချက်ကို ဥပေက္ခာပြုခဲ့တယ်။ ပန်လုံစာချုပ်၊ ပန်လုံစိတ်ဓာတ်၊ ပန်လုံကတိ ကဝတ်၊ ပန်လုံအနှစ်သာရတွေနဲ့ လွဲချော်တဲ့ ပြည်ထောင်စုအမည်ခံ တပြည်ထောင်စနစ်သာ ဒီတိုင်းပြည်မှာ ပေါ်ပေါက်ခဲ့တယ်။

လွတ်လပ်တဲ့ဗမာပြည်အဖြစ် ကြေညာခဲ့ပြီး အဆက်ဆက်အစိုးရတိုင်းဟာ ပန်လုံစာချုပ်က ညွှန်းဆိုတဲ့ ပြည်ထောင်စုကို ထူထောင်ဖို့ အခုထိ ပျက်ကွက်နေဆဲဖြစ်တယ်။ အနှစ်သာရအားဖြင့် တကယ့်ပြည်ထောင်စုတရပ် အခုထိ မပေါ်ပေါက်ခဲ့သေးဘူး ဆိုရမယ်။

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်(ပြည်ထောင်) တွေမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာတွေ အပ်နှင်းခြင်း မရှိဖူးဘူး။ အောက်လွှတ်တော်က လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်)ကို ဦးရေအချိုး အစားအရ တဖက်သတ် အသာစီးယူတာ တောက်လျှောက်လုပ်ခဲ့တယ်။ လွတ်လပ်တဲ့ အချုပ်အချာ အာဏာပိုင် ပြည်နယ်(ပြည်ထောင်) အချင်းချင်း စုဖွဲ့မှုအစား ဗမာလူမျိုးက သီးခြားပြည်နယ်(ပြည်ထောင်) မရှိ။ ပြည်ထောင်စုလူမျိုး ပြည်ထောင်စုဒေသအဖြစ် အခြားပြည်နယ်(ပြည်ထောင်) တွေက လာရောက် ပူးပေါင်း ဝန်းရံ စုဖွဲ့ပုံမျိုး သရုပ်ဖော်ခဲ့တယ်။

ဒါ့ကြောင့် လွတ်လပ်တဲ့ အချုပ်အချာအာဏာပိုင် တိုင်းပြည်အဖြစ် စ'ကြေညာကတည်းက ပြည်ထောင်စုဆိုတာ မရှိခဲ့ဖူးဘူး။ မပေါ်ပေါက်ခဲ့ဖူးဘူး။ ဒါ့ကြောင့် ဖေဖော်ဝါရီ (၁၂) ကို ပြည်ထောင်စုနေ့လို့ မခေါ်ထိုက်ပါဘူး။ ပန်လုံ(ပင်လုံ) စာချုပ်နေ့လို့သာ ခေါ်ထိုက်တယ်။ အောင်ပွဲ ပျော်ပွဲ အထိမ်းအမှတ်များ အစား ကတိကဝတ်၊ သဘောတူညီမှုတွေနဲ့ ပတ်သက်ရင် တာဝန်မဲ့မှုကို အမှတ်ရရ ရှုတ်ချ ပြစ်တင်တဲ့ အထိမ်းအမှတ်၊ လိမ်လည်လှည့်ဖျားမှုနဲ့ အနိုင်ကျင့် ဗိုလ်ကျမှုကို ဆန့်ကျင်တဲ့ အထိမ်းအမှတ်နေ့အဖြစ်သာ ဖေါ်ပြ ကျင်းပသင့်ကြောင်း တင်ပြပါတယ်။

**ဓောဝင်း**

*စာညွှန်း။ ။ မိုင်ဂျာယန် – တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ မျက်နှာစုံညီ အစည်းအဝေး၏ ပင်လုံလက်စွဲစာအုပ်*

# နားလည်မှုကို တည်ဆောက်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုခြင်း (၁)

မေစဝ်မုန်း

တော်လှန်ရေးအောင်မြင်ဖို့အတွက် စုပေါင်းလုပ်ဆောင်မှု၊ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းညီညွတ်မှုကို အင်အားအဖြစ် အသုံးပြုနိုင်ဖို့အတွက် ကြိုးပမ်းကြရမယ် နားလည်ကြတယ်။ အဲ့လိုကြိုးပမ်းမှုမှာ ပါဝင်သူတိုင်း၊ အဖွဲ့အစည်းတွေရဲ့ ဖြစ်တည်မှုကို လက်ခံနိုင်ဖို့ ကြိုးပမ်းကြရပါတယ်။ ဒါကြောင့်လည်း အဖွဲ့အစည်းအသီးသီးရဲ့ အင်အားတွေကို အသိအမှတ်ပြုမှုအရ ကိုယ်စားပြုမှုတွေကို သက်ဆိုင်ရာ စုဖွဲ့မှုတွေကြားမှာ ကိုယ်စားလှယ်တွေ ပေးကြရပါတယ်။

ကိုယ်စားလှယ်လို့ သုံးနှုန်းပြီဆိုကတည်းက ဘယ်သူ့ကို ကိုယ်စားပြုတာလဲဆိုတာက စပြောရတော့မယ်။ အဖွဲ့အစည်းကို ကိုယ်စားပြုရင် အဖွဲ့အစည်းနဲ့ ညှိနှိုင်းသဘောတူနိုင်တာတွေကို စုပေါင်းမှုတွေကြားမှာ သဘောထားပေးကြရမှာဖြစ်တယ်။ သို့သော် အဖွဲ့အစည်းထဲမှာ စဉ်းစားကြတဲ့ အခါတော့ မိမိအဖွဲ့ရဲ့မူချည်းပဲ စွဲကိုင်ထားလို့မရပါဘူး။ စုပေါင်းမှုအကြား သဘောထားညှိနှိုင်းလို့ ရနိုင်ခြေကိုလည်း ထပ်ပေါင်းထည့် စဉ်းစားရမှာဖြစ်ပါတယ်။ ဥပမာ – စစ်အုပ်စုကို မဟာဗျူဟာအရ အပြုတ်တိုက်မယ်လို့ စဉ်းစားကြတယ် ဆိုပါစို့ …။ ဒီနေရာမှာ စပြီး အဓိပ္ပါယ် ဖွင့်ဆိုရတော့မယ်။ မဟာဗျူဟာအရ အပြုတ်တိုက်ရေးမူဆိုတာ ဘာလဲ?။

မဟာဗျူဟာအရ အပြုတ်တိုက်ရေးမူဆိုတာက တိုင်းပြည်မှာရှိနေတဲ့ စစ်ဗျူရိုကရက်တွေ၊ စစ်ဗျူရိုကရေစီယန္တယား လည်ပတ်မှု၊ စစ်အာဏာရှင်စနစ်တွေနဲ့ အာဏာရှင်တွေကို ဘယ်တော့မှ နလံပြန်မထနိုင်အောင် အမြစ်ဖြတ် အပြုတ်ဖြုတ်လိုက်တာကို အပြုတ်တိုက်တယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။ စစ်ဗျူရိုကရက်တွေက ဘယ်သူတွေလဲ?။ မင်းအောင်လှိုင်နဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေ၊ ယခင်က စစ်ခေါင်းဆောင်တွေ (ယခုချိန်ထိ တိုင်ပင်ခံနေရသူများ)နဲ့ အဲ့ဒီ ထိပ်ပိုင်းတွေကို ဦးဆောင်မှုလုပ်နိုင်အောင် ပံ့ပိုးနေတဲ့ စီးပွားရေးထိပ်တန်းသမားတွေနဲ့ ခရိုနီတွေပါ။

စစ်ဗျူရိုကရေစီယန္တယားဆိုတာ ဘာလဲ?။ ဒါကတော့ စစ်ဗျူရိုကရက်တွေ အမိန့်ပေးမှုကို တသဝေမတိမ်း အဆင့်ဆင့် လိုက်နာဆောင်ရွက်နေကြတဲ့ အရာရှိ၊ အရာခံ၊ အကြပ် တပ်သားတို့အပြင် အဲ့ဒီအဆင့်ဆင့်မှာ ပူးပေါင်းပါဝင်နေကြတဲ့သူတွေပါ။

စစ်အာဏာရှင်စနစ်ဆိုရင် အဲ့ဒီ ၂ ခု ပါပြီ မဟုတ်လား?။ စနစ်ကို တည်ဆောက်ရာမှာ လူတွေက အသုံးခံ ဖြစ်တယ်။ စနစ်ရှိနေရင် ဘယ်နေရာ ဘယ်အဆင့်မှာ ဘယ်သူမရှိလို့ မဖြစ်ဘူးဆိုတာ မရှိဘူး။ တယောက်မရှိရင် နောက်တယောက် တက်လာလိမ့်မယ်၊ အလွယ်ဆုံးပြောရရင် အဆင့်ဆင့် နာခံမှုနဲ့ စီမံခန့်ခွဲရေးကို ရည်ညွှန်းတာဖြစ်တယ်။ အဲ့ဒီထဲမှာ ပါရှိတဲ့ အချက်တွေက စစ်ဘက်ဆိုင်ရာ ဥပဒေတွေ၊ စစ်ဘက်ဆိုင်ရာ တည်ဆောက်မှုပုံသဏ္ဍာန်တွေ၊ တရားရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေ၊ ငွေကြေးရှာဖွေမှု၊ ခွဲဝေသုံးစွဲမှု စသည်ဖြင့်တွေပါ …။ အတော်စနစ်ကျတာ မကောင်းဘူးလား?။ ကောင်းတယ် ထင်ရပေမဲ့ အဲ့ဒီစစ်အာဏာရှင်စနစ်ထဲမှာ ကြီးနိုင်ငယ်ညှဉ်း၊ အဆင့်ဆင့်ခြစားမှုတွေကို စနစ်တကျ ဟထားပေးတယ်။ အဲ့လို ခြစားမှုတွေကို အားနည်းချက်အဖြစ် ကိုင်တွယ်ထားပြီး အဆင့်ဆင့်

ကြိုးနဲ့ ချည်ထားတာဖြစ်တယ်။ တပ်ထဲက ခြစားမှုကြီးတွေကို အပြင် မပေါက်ကြားအောင် အဲ့ဒီစနစ်က ထိန်းချုပ်ထားပေးတယ်။ အပြစ်ပေး၊ ဒဏ်ပေးဆိုတာ သိပ်ကို ကြီးလေးအောင် လုပ်ကြတာ ဖြစ်တယ်။ အမှားပြင်ဖို့ မဟုတ်ဘူး၊ အမှားထိကိုကိုင်ပြီး ဘာခိုင်းခိုင်းလုပ်အောင် ဟ ထားပေးတာဖြစ်တယ်။ ဒါကြောင့် တပ်ထဲမှာ အဆင့်ဆင့်ကို မော်မကြည့်ဝံ့သလို ကိုယ့်နေရာနဲ့ ကိုယ့်လက်အောက်ငယ်သားတွေကို အဆင့်ဆင့် ဖိနှိပ်ခွင့်ပေးထားတဲ့ စနစ်ကြီးဖြစ်တယ်။ ဒါကြောင့် ဒါတွေကို အဆုံးသတ်ဖို့လိုတယ်လို့ ဆိုကြတယ်။ ဒါကို အပြုတ်တိုက်၊ အမြစ်ပြတ်ချေမှုန်းဖို့ လိုတယ်လို့ ဆိုလိုတာ ဖြစ်တယ်။

ဘာလို့ အမြစ်ဖြတ်ချေမှုန်းဖို့ လိုသလဲ?။ စစ်ဝါဒီသမားတွေဟာ လူထုအပေါ် မောက်မာ၊ ကြမ်းတမ်း၊ ရက်စက်၊ ဖိနှိပ်မှုတွေမရှိစေအောင် ဆောင်ရွက်ရေးဖြစ်တယ်။ မြန်မာနိုင်ငံတွင်းမှာရှိတဲ့ လူသားတိုင်းဟာ လွတ်လပ်၊ တန်းတူ၊ မျှတပြီး တရားတဲ့ဥပဒေအောက်မှာ လုံခြုံစွာ နေထိုင်ကျင့်ကြံနိုင်တဲ့ အခင်းအကျင်းဖြစ်လာအောင် ဖန်တီးနိုင်ဖို့ ဖြစ်တယ်။


ဒါကြောင့် ဒီကနေ့တိုက်ပွဲပုံစံ ရွေးချယ်ရာမှာ နိုင်ငံရေးနဲ့ စစ်ရေး ဟန်ချက်ညီညီ တိုက်ပွဲဝင်ကြရတာဖြစ်တယ်။ စစ်ရေးအရ အားကောင်းပြီး ထိန်းချုပ်နိုင်တဲ့ နယ်မြေတွေမှာ နိုင်ငံရေးအရ နိုင်ငံရေးသမားတွေနဲ့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေဟာ အဲ့ဒီနယ်မြေမှာရှိတဲ့ လူထုစည်းရုံးရေးကို တဘက်ကနေ သေသေချာချာလုပ်ဖို့ လိုအပ်ပါတယ်။ တပြိုင်နက်တည်းမှာ အဲ့ဒီပတ်ဝန်းကျင်မှာရှိတဲ့ လူထုရဲ့ စိတ်တက်ကြွ နိုးကြားလာပြီး လိုအပ်တဲ့ ပြင်ဆင်မှုတွေ၊ ပြန်လည်ပြုပြင်မှု၊ ကုသမှုနဲ့ ဆက်သွယ်၊ ဆက်ဆံရေးကိစ္စတွေကို သူတို့အင်အားတွေနဲ့ လုပ်ကြရမှာဖြစ်တယ်။ ထိန်းချုပ်နယ်မြေတွေကို ပိုမို အားကောင်းအောင် လူထုထောက်ခံမှု ရယူနိုင်တဲ့ အခင်းအကျင်းမျိုးကို ပြင်ဆင်နိုင်ရမယ်။ စစ်အုပ်စု မရှိခြင်းဟာ ပြန်လည်ထူထောင်ရေးအတွက် အဟန့်အတားကင်းပြီး မိမိတို့လက်နဲ့ တည်ဆောက်လို့ ရတယ်ဆိုတာကို လူထုဟာ မျက်ဝါးထင်ထင်တွေ့နိုင်မှသာလျှင် စစ်ရေးနဲ့နိုင်ငံရေး မိတ်ဖက်ပြုမှု အားကောင်း လာမှာ ဖြစ်တယ်။ ဒါဟာ ဥပမာတခုမျှသာ ဖြစ်တယ်။

သို့သော် အခြားအဓိပ္ပါယ်ဖွင့်ဆိုချက်တွေ တိတိကျကျ ဖော်ဆောင်တာမဟုတ်ဘဲ နားလည်ပုံ မတူတာလည်း ရှိပါသေးတယ်။ ဥပမာ – အမြစ်ပြတ်ချေမှုန်းရေးဆိုတာဟာ စစ်သားမှန်သမျှ အကုန် ချေမှုန်းဆိုတဲ့ အဓိပ္ပါယ်လို့ နားလည်လက်ခံနေကြသူများလည်း ရှိပါတယ်။ ဒါကြောင့်လည်း တတိုင်းပြည်လုံး က အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား စသည်ဖြင့် အဆင့်ဆင့်အားလုံးကို ချေမှုန်းလိုက်မှ အမြစ်ပြတ်မယ် လို့ အဓိပ္ပါယ်ကို နားလည်လက်ခံနေကြသူတွေလည်းရှိတယ်။ အဲ့လို စဉ်းစားသူအများစုက လက်နက်ကိုင် လမ်းစဉ်ကို ကျင့်သုံးပြီး စစ်အဆောက်အအုံမှန်သမျှနဲ့ စစ်ဝတ်စုံတွေ့ရင် ဖမ်းဆီး သတ်ဖြတ်ကြတယ်။ နာကျည်းပြီး ပြန်လည်ကလဲ့စားချေကြတာမျိုးတွေ တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် တိုက်ပွဲအတွင်း တိုက်ပွဲဝင်သူများကြားမှာ အဓိပ္ပါယ်ဖွင့်ဆိုချက်တွေ တူညီမှ နားလည်မှု တူညီနိုင်မယ်။ နားလည်မှုတူညီမှ စုပေါင်းမှု၊ စုစည်းမှုကို တည်ဆောက်နိုင်မယ်။ အဲ့လို တည်ဆောက်နိုင်မှ တိုက်ပွဲ၊ အောင်ပွဲနဲ့အတူ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ကူးပြောင်းရာမှာ မလွယ်ကူရင်တောင် သေချာ ပြန်လည် တည်ဆောက်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

**မေစဝ်မှန်း**

၁၇၊ ဖေဖော်ဝါရီ၊ ၂၀၂၄။



သရုပ်ဖော်ပုံကို internet မှ ရယူပါသည်။

# ဘုံသဘောထားရပ်တည်ချက် (၃၁၊ ၁၊ ၂၀၂၄) အပေါ် ဘယ်လိုမြင်ကြမလဲ

လွန်းနွေငြိမ်း

၃၁၊၁၊၂၀၂၄ ရက်နေ့မှာ အတူတကွ လက်တွဲတော်လှန် တိုက်ပွဲဝင်နေကြသော အဖွဲ့များ၏ ဘုံသဘောထား ရပ်တည်ချက်ကို ထုတ်ပြန် ကြေညာလိုက်ပါတယ်။ ထုတ်ပြန်ချက်မှာ ပါဝင်တဲ့ အဖွဲ့အစည်းတွေက ချင်းအမျိုးသားတပ်ဦး(CNF)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)၊ ကရင့်အမျိုးသားအစည်းအရုံး(KNU) နဲ့ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) တို့ ဖြစ်ကြပါတယ်။

ထုတ်ပြန်လိုက်တဲ့ ဘုံသဘောထားရပ်တည်ချက်အပေါ် ဘယ်လိုမြင်ကြမလဲ။

တော်လှန်ရေးကြီးအတွက် Positive ဖြစ်လား။ ဒါမှမဟုတ် Negative ဖြစ်လား။ ဖြစ်ထွန်းတိုးတက်မှုလို့ မြင်ကြမလား။ ဆုတ်ယုတ်လျော့ကျမှုလို့ မြင်ကြမလား။ ချုပ်ပြောရရင် ဒီလို ထုတ်ပြန်ကြေညာလိုက်တာဟာ တော်လှန်ရေးကြီး (Movement) တစုံလုံးအတွက် ကိစ္စကောင်းလား၊ ကိစ္စဆိုးလား။ ကျနော့်အမြင်အရ ဒါဟာ ကိစ္စကောင်း ဖြစ်ပါတယ်။ ကြို့ဆိုအပ်တဲ့ ဖြစ်ထွန်းတိုးတက်မှုလို့ သဘောရပါတယ်။ Movement တစုံလုံးအတွက် အပေါင်းလက္ခဏာဆောင်တယ်လို့ ယူဆပါတယ်။ တိကျရှင်းလင်းတဲ့ ဘုံသဘောထားတရပ်ကို လူမျိုးစုံလူထုကြီးကိုရော၊ နိုင်ငံတကာ မိတ်ဆွေများကိုရော၊ စစ်အုပ်စုကိုရော အတိအလင်း အသိပေးလိုက်တာဖြစ်တယ်လို့ ယူဆပါတယ်။

ဒီလို ပူးတွဲထုတ်ပြန်လိုက်တဲ့ ဖြစ်စဉ်မှာ အားနည်းချက်ရော မရှိဘူးလား။

အားနည်းချက် ရှိပါတယ်။ ထုတ်ပြန်ချက်ပါ အကြောင်းအရာတွေအပေါ် ပြောစရာ၊ ကန့်ကွက်စရာ၊ စောဒကတက်စရာ အထွေအထူး ကြီးကြီးမားမား မရှိကြဘူး ဆိုသည့်တိုင် ၄ ဖွဲ့တည်းပဲ စုပြီး ထုတ်ပြန်လိုက်ကြတာ၊ ကျန်တဲ့ လုပ်ဖော်ကိုင်ဖက်တွေ၊ မိတ်ဖက်အင်အားစုတွေကြားမှာ တိုင်ပင်ခြင်း၊ ကြိုပြီး အသိပေးခြင်း၊ အတူတွဲပြီး ထုတ်ပြန်နိုင်အောင် ညှိနှိုင်းခြင်းတွေ မလုပ်ခဲ့နိုင်တာကတော့ သေချာပေါက် အားနည်းချက်ဖြစ်ပါတယ်။ အချိန်ကို ငဲ့ရလို့၊ အခြားတစုံတရာကို ငဲ့ရလို့ အားနည်းသွားတာဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒီအချက်အပေါ် မိတ်ဖက်အင်အားစုတွေကြားမှာ ပြန်ပြီး ဆွေးနွေးဖြစ်၊ ထောက်ပြဖြစ်ကြတယ်။ လုပ်ဟန်အရ အားနည်းသွားတဲ့အဖြစ်ကို အားနည်းသွားကြောင်း သိရှိကြ၊ ပြုပြင်ဖို့ အားထုတ်ကြတယ်လို့ သိရပါတယ်။

နောက်တချက်က NUG ကိစ္စ၊ ကျနော့်နားလည်မှုအရ NUG ရဲ့ နိုင်ငံရေးကို NUCC က တာဝန်ခံထားတာ ဖြစ်ပါတယ်။ ဒီလောက်အရေးကြီးတဲ့ ဘုံသဘောထားရပ်တည်ချက်တခုကို ထုတ်ပြန်ဖို့ဆိုရင် NUG ဟာ NUCC ထဲမှာ သေချာပေါက် ချပြရမှာ၊ တိုင်ပင်ရမှာ၊ အချိန်ယူပြီး အကျေအလည် ဆွေးနွေးကြရမှာ၊ ပြီးတော့မှ NUCC ရဲ့ ဆုံးဖြတ်ချက်နဲ့အတူ အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အခုလို အချိန်ရပါလျက်နဲ့ အသိတောင်မပေးဖြစ်ဘဲ NUG ရဲ့ သဘောထားတခုတည်းနဲ့ ထုတ်ပြန်လိုက်တာကတော့ NUCC ကို အလေးမထားသလို၊ NUCC အဖွဲ့ဝင်အဖွဲ့အစည်း လုပ်ဖော်ကိုင်ဖက်တွေကို အလေးမထားသလို ဖြစ်သွားစေပါတယ်။ ဒီကိစ္စကတော့ လုပ်ဟန်အရ တော်တော်ကို မသင့်လျော်တဲ့ကိစ္စ၊ တနည်းအားဖြင့် နောင်မဖြစ်အောင် သတိထားကြရမယ့် လုပ်ဟန်အမှား ဖြစ်ပါတယ်။ စုပေါင်းခေါင်းဆောင်မှုကို အလေးထားကြဖို့၊ တိုက်ပွဲဝင်အင်အားစုတွေကြားမှာ အပြန်အလှန် တန်ဖိုးထားကြဖို့ မရည်ရွယ်သော်လည်း အခုလိုမျိုး လွဲသွားတယ်ဆိုရင် လွဲသွားကြောင်းဝန်ခံပြီး ပြန်လည် တည့်မတ်ကြဖို့ အင်မတန် အရေးကြီးတယ်လို့ အလေးအနက် အကြံပြု တိုက်တွန်းလိုပါတယ်။

ဒါဆို ထုတ်ပြန်ချက်ပါ အကြောင်းအရာတွေဆီ ဆက်ချင်ပါတယ်။ မျှော်မှန်းထားတဲ့ပန်းတိုင်၊ အရောက် သွားကြမယ့်နေရာနဲ့ ပတ်သက်ပြီး ဘုံသဘောထားမှာ ...

ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် စုံလင်ကွဲပြားသောလူမျိုးများ၏ သရုပ်လက္ခဏာ(Identity) များကို ကာကွယ်မြှင့်တင်ပေးသည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိသော ပြည်နယ်များဖြင့် စုဖွဲ့ထားသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရန်လို့ တိတိကျကျ ဖော်ပြထားတာ တွေ့ရပါတယ်။

ဒါဟာ နွေဦးတော်လှန်ရေးရဲ့ ပန်းတိုင်ဖြစ်သလို လူမျိုးစုံပြည်သူတွေ နှစ်ပေါင်း ၇၀ ကျော် မျှော်မှန်းခဲ့ရတဲ့ပန်းတိုင် ဖြစ်ပါတယ်။ ဆိုလိုတာတော့ ရန်သူ တလျှောက်လုံးပြောပြောနေတဲ့ အတုမဟုတ်ဘူး။ အကျိုးမျှော်တွေ၊ ပွဲစားတွေ စျေးညှိပေးချင်တဲ့ ယောင်ယောင်လည်း မဟုတ်ဘူး။ ကျွန်တော်တို့လိုချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု စစ်စစ်ကို တည်ဆောက်ကြမယ်ဆိုတဲ့ စွဲမြဲတဲ့ သံန္နိဋ္ဌာန်ကို တွေ့ရပါတယ်။

အဲဒီလိုပြည်ထောင်စုမျိုး ဖြစ်ဖို့ဆိုရင် မှန်ကန်တဲ့

**တော်လှန်ရေးအင်အားစုတွေ ဒီနေ့ အသက်ပေးနေကြတာ၊ သူသေကိုယ်ရှင် တိုက်ပွဲဝင်နေကြတာဟာ ဖက်ဆစ်စစ်တပ် အမြစ်ပြတ်ဖို့ ဖြစ်ပါတယ်။။**

**စစ်ကောင်စီ ဆွေးနွေးပွဲ တက်လာအောင် ဖိအားပေးရုံသက်သက် တိုက်နေကြတာ မဟုတ်ပါဘူး။။**

ဦးတည်ချက်တွေ ရှိဖို့လိုပါတယ်။ အဲတော့ ဘုံသဘောထားထဲက ဦးတည်ချက် (၆)ရပ်ကို ကျွန်တော်တို့ ဆက်ပြီး လေ့လာကြည့်ကြရအောင်ပါ။

(၁) အာဏာသိမ်းမှုကို ဖယ်ရှားပြီး မြန်မာစစ်တပ်၏ နိုင်ငံရေး၌ ပါဝင်နေခြင်းအား အဆုံးသတ်ရန်။
(၂) လက်နက်ကိုင်တပ်ဖွဲ့များအားလုံးကို ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် အရပ်သားအစိုးရ၏ စီမံအုပ်ချုပ်မှုအောက်၌ အပြည့်အဝထားရှိရန်။
(၃) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးတိုင်ဖျက်သိမ်းရန်နှင့် ယင်းကို ပြန်လည်အသက်သွင်းရန် ကြိုးပမ်းမှုမှန်သမျှ တိုက်ဖျက်ရန်။
(၄) သက်ဆိုင်သူများအားလုံး လက်ခံနိုင်သော ဖက်ဒရယ်နှင့် ဒီမိုကရေစီစနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရန်။
(၅) ထွက်ပေါ်လာသော ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအသစ်အား တည်ဆောက်ရန်။
(၆) ပဋိပက္ခအတွင်း မတရားကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရေးနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုရရှိရေးလုပ်ငန်းစဉ် ဖော်ဆောင်ရန်လို့ တိတိကျကျ ဖော်ပြထားပါတယ်။

ဒီ့နောက်မှာတော့ ရပ်တည်ချက် ၉ ရပ်နဲ့ လုပ်ငန်းစဉ် ၆ ရပ်ကို ရှင်းရှင်းလင်းလင်း ချပြထားတာ တွေ့ရပါတယ်။ (စာရှည်မှာစိုးလို့ အသေးစိတ် မဖော်ပြတော့ပါ။) အဲဒီနည်းနဲ့ လုပ်ငန်းလမ်းညွှန်တွေ၊ လုပ်ငန်းစဉ်တွေ၊ လမ်းပြမြေပုံတွေ တော်လှန်ရေးအင်အားစုတွေမှာ၊ မဟာမိတ်အင်အားစုတွေမှာ ရှိကြပေမဲ့ အခု ဘုံသဘောထား ရပ်တည်ချက်မှာပါတဲ့ ဖော်ပြထားချက်တွေကတော့ ပိုပြီးရှင်းလင်းတယ်လို့ ယူဆမိပါတယ်။

ဒီထုတ်ပြန်ချက်ဟာ တွေ့ဆုံဆွေးနွေးရေးကို တိမ်းညွှတ်တယ်လို့ အချို့ကောက်ယူကြတာ ရှိပါတယ်။ တွေ့ဆုံဆွေးနွေးရေးကို ကျွန်တော်တို့ မငြင်းပယ်ပါဘူး။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ရှင်းချင်တာက ကျွန်တော်တို့ရဲ့ မူလဆန္ဒဖြစ်ပါတယ်။ စစ်အုပ်စုက နိုင်ငံရေးနည်းနဲ့ ဖြေရှင်းခွင့်မပေးဘဲ အကြမ်းဖက် ဖိနှိပ်လာလို့သာ ကျွန်တော်တို့လည်း လက်နက်ကိုင်ပြီး ခုခံတော်လှန်စစ်ကို တိုက်နေကြရတာ ဖြစ်ပါတယ်။ တိုက်နေတာနဲ့ တပြိုင်တည်းမှာ နိုင်ငံရေးအရ တန်းတူရည်တူ ဆွေးနွေးအဖြေရှာရေးကို တံခါးဖွင့်ထားကြရမယ်လို့ ယုံကြည်ပါတယ်။

ဒီမှာ သတိပြုရမှာတွေတော့ ရှိပါတယ်။ ဆိတ်ခေါင်းချိတ်ပြီး ခွေးသားအရောင်းခံရတာမျိုးတွေ အဖြစ်မခံရဘူး။ စစ်အုပ်စု ပေးသမျှစျေးနဲ့ ငါးပြားရငါးပြားယူ၊ ဆယ်ပြားရ ဆယ်ပြားယူ စေ့စပ်ညှိနှိုင်းတာ လုံးဝအဖြစ်မခံရဘူး။ ကျနော်တို့ရဲ့ မျှော်မှန်းချက်ကို ဆံခြည်တမျှင် အထိပါးမခံရဘူး။

စစ်အုပ်စုအနေနဲ့ ဒီ ဦးတည်ချက် (၆)ရပ်ကို သဘောတူလက်ခံမှ ကိုယ့်ဘက်က ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပြီးတော့ တော်လှန်ရေးအင်အားစုတွေ ဒီနေ့ အသက်ပေးနေကြတာ၊ သူသေကိုယ်ရှင် တိုက်ပွဲဝင်နေကြတာဟာ ဖက်ဆစ်စစ်တပ် အမြစ်ဖြုတ်ဖို့ ဖြစ်ပါတယ်။ စစ်ကောင်စီ ဆွေးနွေးပွဲ တက်လာအောင်

**၂၀၂၀ ရွေးကောက်ပွဲ ရလာဒ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အောက်ရှိ နိုင်ငံရေးစနစ်ကို အကောင်အထည်ဖော်ရန် မဟုတ်ဘဲ တော်လှန်ရေးအောင်မြင်ရေးနှင့် စနစ်ပြောင်းနိုင်ငံရေး တည်ဆောက်မှုအတွက် အသုံးချရန် ဖြစ်သည်။**

ဖိအားပေးရုံသက်သက် တိုက်နေကြတာ မဟုတ်ပါဘူး။ ဖွင့်ပေးထားတဲ့တံခါးက စကားပြောဖို့ တက်လာချင် တက်လာ၊ မတက်လာရင် အမြစ်ပြတ်တဲ့အထိ ခြေမှုန်းသွားကြမှာ ဖြစ်ပါတယ်။ ဒါကို မျက်ခြည်ပြတ်ခံလို့ မရပါဘူး။

သဘောထားမှာ ဖော်ပြထားတဲ့ တွေ့ဆုံဆွေးနွေးတာရဲ့ ရည်ရွယ်ချက်ကိုကြည့်ရင် ပိုရှင်းပါတယ်။ ဆွေးနွေးတာရဲ့ အဓိကရည်ရွယ်ချက်က ''စစ်အာဏာသိမ်းမှုကို အဆုံးသတ်ဖို့နဲ့ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းရယူဖို့အတွက် ဖြစ်တယ်'' လို့ အတိအလင်း ဖော်ပြထားပါတယ်။ ပွဲအမြန်ပြီးချင်လို့ အညှာလွှယ် ထားတာ မဟုတ်တာ အလွန်ထင်ရှားပါတယ်။

ပိုရှင်းလင်းသွားအောင် ရပ်တည်ချက်အမှတ်(ဆ)မှာ ''နိုင်ငံရေးအခွင့်ထူးခံအချင်းချင်းကြား ပြုလုပ်သည့် အာဏာခွဲဝေမှုကို လက်ခံမည်မဟုတ်ပါ'' လို့ ဆွေးနွေးပွဲယောင်ယောင်တွေ လုပ်ပြီး နှစ်ဘက်ခေါင်းဆောင်ချင်း လက်ဝါးခြင်းရိုက် စေ့စပ်သွားရမယ့် အခြေအနေမျိုးတွေ လုံးဝအဖြစ်မခံကြောင်း တိတိကျကျ ပြောပြထားတာ ဖြစ်ပါတယ်။ စေ့စပ်ရေးကို မျက်စပစ်ထားတဲ့သဘောမျိုး မတွေ့ရဘူးလို့ သုံးသပ်မိပါတယ်။

၂၀၂၀ ရွေးကောက်ပွဲရလာဒ်နဲ့ CRPH အခန်းကဏ္ဍကိုလည်း အမှတ် (ဂ)မှာ ''၂၀၂၀ ရွေးကောက်ပွဲရလာဒ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်ရှိ နိုင်ငံရေးစနစ်ကို အကောင်အထည်ဖော်ရန်မဟုတ်ဘဲ တော်လှန်ရေးအောင်မြင်ရေးနှင့် စနစ်ပြောင်းနိုင်ငံရေး တည်ဆောက်မှုအတွက် အသုံးချရန် ဖြစ်သည်'' လို့ ရှင်းရှင်းလင်းလင်း ဖော်ပြထားတာ တွေ့ကြရပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲရလာဒ်ဟာ လူထုပိုင်ရလာဒ်ဖြစ်ပါတယ်။ ဒီရလာဒ်ကို လက်နက်အဖြစ် အသုံးချပြီး ဖက်ဆစ်စစ်တပ် အမြစ်ဖြတ်မယ့် တိုက်ပွဲမှာ အသုံးပြုသွားမယ်ဆိုတာကို မဲဆန္ဒရှင်ပြည်သူတိုင်းက မုချကောင်းချီးပေးကြမှာ ဖြစ်ပါတယ်။

ချုပ်ပြီးပြောရရင် ဘုံသဘောထားတူညီချက် တစုံလုံးဟာ ကနေ့ လက်တွေ့တိုက်ပွဲလိုအပ်ချက်နဲ့ ကိုက်ညီတယ်လို့ မြင်ပါတယ်။ သဏ္ဍာန်အမျိုးမျိုးနဲ့ တိုက်ပွဲဝင်နေကြတဲ့ အင်အားစုအားလုံး ပါဝင်လာရေးအတွက် ဆက်လက်စည်းရုံး တိုးချဲ့ကြဖို့၊ ခိုင်မာကျယ်ပြန့်တဲ့ တပ်ပေါင်းစုဖြင့် အောင်ပွဲကို အရယူကြဖို့ အစွမ်းကုန် တက်ညီလက်ညီ ကြိုးပမ်းအားထုတ်ကြပါစို့လို့ တိုက်တွန်းရင်း ဘုံသဘောထားရပ်တည်ချက် (၃၁၊ ၁၊ ၂၀၂၄) ကို တန်ဖိုးထားစွာ ကြိုဆိုလိုက်ပါတယ်။

လွှမ်းနွေငြိမ်း

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၈ ရက်။

## လူ့ဘောင်သစ်ဂျာနယ်
## အမှတ် (၄)၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ
## ဂျာနယ်အာဘော်

ဒုတိယကမ္ဘာစစ်အပြီး အရှေ့တောင်အာရှတွင် စီးပွားရေးအရ အလားအလာအရှိဆုံးနှင့် အတိုးတက်ဆုံး နိုင်ငံတခုဖြစ်သည့် မြန်မာနိုင်ငံ၏ စီးပွားရေးသည် စစ်အုပ်စု၏လက်အောက်တွင် ဆုတ်ယုတ်ပျက်ပြားသွားခဲ့သည်။ မည်မျှအထိ ဆုတ်ယုတ်ပျက်ပြားသွားသနည်းဟု ဆိုလျှင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းဝင်သည်အထိ ကျရောက်သွားခဲ့ရသည်။

ထိုကဲ့သို့ တိုင်းပြည်ကို ဆုတ်ယုတ်ပျက်ပြားစေရန် လုပ်ဆောင်ခဲ့သည့် စစ်အုပ်စုသည် ၎င်းတို့၏ အုပ်စိုးမှု သက်ဆိုးရှည် တည်မြဲရေးအတွက် ဖိနှိပ်မှု၊ လှည့်စားမှု၊ ဖုံးကွယ်မှု၊ ခြိမ်းခြောက်မှု၊ လိမ်ညာမှုများဖြင့် လုပ်ဆောင်ခဲ့ကြသည်။ ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရဟု နာမည်ခံခဲ့သည့် စစ်အုပ်စုသည် ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအမည်ဖြင့် အာဏာသိမ်းခဲ့သည်။ မြန်မာပြည်သူများ လိုလားတောင့်တနေသော ဆိုရှယ်လစ်စနစ် ရေစီးကြောင်းကို အမှီပြုလျှက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟူသော နာမည်ကို ခံယူကာ စစ်အာဏာရှင်သရုပ်ကို ဖုံးကွယ်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင်လည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(နဝတ – နအဖ) နာမည်ဖြင့် အာဏာယူခဲ့ပြန်သည်။ ယခုလည်း မြန်မာပြည်သူများ လိုလားတောင်းတနေသော ဒီမိုကရေစီနိုင်ငံရေးစနစ်ကို အမှီပြုလျှက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဟုဆိုကာ စစ်အာဏာရှင်သရုပ်ကို ဖုံးကွယ်ရန် လုပ်ဆောင်နေသည်။

မေလ ၂၉ ရက်နေ့တွင် နအဖအစိုးရက သူတို့စိတ်ကြိုက် ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုလိုက်ကြောင်း ကြေညာခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ မဲစာရင်းများကို အပြီးသတ် ကြေညာရန်အတွက် ရက်ပေါင်း ၄၀ ကျော် အချိန်ယူခဲ့သည့် အစိုးရသည် ယခု မဲစာရင်းကို ဆန္ဒခံယူပွဲ ကျင်းပပြီး ၅ ရက်အကြာတွင် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ထိုအဖြစ်အပျက် ၂ ခုကို ယှဉ်ကြည့်လျှင် ပြည်သူ့အပေါ် ထားရှိသော နအဖစစ်အစိုးရ၏

သဘောထားကို ထင်ရှားစွာ မြင်တွေ့ရမည်ဖြစ်သည်။ ၁၉၉၀ တွင် ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲသည် ပြည်သူများ၏ မျှော်လင့်ချက်အနာဂတ်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများသည် အခက်အခဲ အကြပ်အတည်းများကြားမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တခဲနက် ထောက်ခံမဲများ ပေးခဲ့ကြသည်။

ယခု ကျင်းပသော ဆန္ဒခံယူပွဲသည် နအဖစစ်အစိုးရ၏ မျှော်လင့်ချက် အနာဂတ်ဖြစ်သည်။ ထို့ကြောင့် နအဖစစ်အစိုးရသည် ကိုယ်တိုင်ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေများကို ပြောင်ပြောင်တင်းတင်း ချိုးဖေါက်၍ လိမ်လည်လှည့်ဖြားခြင်း၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ မဲခိုးခြင်း စသည့်နည်းမျိုးစုံဖြင့် ထောက်ခံမဲများ ရယူခဲ့သည်။ လူတသိန်းကျော်သေဆုံးပြီး မြန်မာနိုင်ငံသမိုင်းတွင် အဆိုးဝါးဆုံး ကပ်ဘေးဆိုးကြီး ဖြစ်သည့် နာဂစ်မုန်တိုင်းဒဏ်ကို ခံရသည့် မြန်မာပြည်သူများ၏ ဒုက္ခကို မစာနာဘဲ ဆန္ဒခံယူပွဲကို လုပ်ဆောင်ခဲ့သည်။

စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ခြင်းသည် ပြည်သူများ ဆင်းရဲဒုက္ခတွင်း နက်စေခြင်းသာ ဖြစ်ကြောင်း သမိုင်းက သက်သေပြပြီးဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်ကို မည်သို့သော ပုံသဏ္ဌာန်နှင့်မျှ အခြေမချနိုင်ရန် ဝိုင်းဝန်းလုပ်ဆောင်ကြရမည် ဖြစ်သည်။

▪

## နွေဦးတော်လှန်ရေး (၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် "နီတဲ့သွေး ရက်သတ္တပတ်" လှုပ်ရှားမှုများကို DPNS/YNS ရဲဘော်များမှ ပြုလုပ်

နွေဦးတော်လှန်ရေး (၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စစ်အာဏာရှင်စနစ် ဆန့်ကျင်လှုပ်ရှားမှုဖြစ်သည့် ''နီတဲ့သွေးရက်သတ္တပတ်'' လှုပ်ရှားမှုကို ၂၀၂၄၊ ဖေဖော်ဝါရီလ၊ ၇ ရက်နေ့က ရန်ကုန်မြို့ ပန်းဆိုးတန်း ဂုန်းကျော်တံတားပေါ်နှင့် အခြားမြို့နယ်များတွင် ပြုလုပ်ခဲ့ရာ DPNS/ YNS ရဲဘော်များလည်း ပါဝင် ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိပါသည်။



